# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (July 22 - 31, 2024)

### ဇူလိုင်လ စတုတ္ထအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် ဇူလိုင်လ စတုတ္ထအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၄၈ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၁ ပါး၊ ကလေး ၂ ဦးနှင့် အမျိုးသမီး ၆ ဦး ပါဝင်ပါသည်။
- ရှမ်းပြည်နယ် မြောက်ပိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၁၆ ဦး သေဆုံးခဲ့ပါသည်။ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတွင် ၈ ဦးစီ၊ ၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတွင် ၇ ဦးစီတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၁၉ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၇ ဦး၊ သတ်ဖြတ်ခံရမှုကြောင့် သေဆုံးသူ ၁၂ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၂၂၂ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။ ဇူလိုင် ၂၃ ရက်တွင် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်ရှိ စစ်ကောင်စီတပ်စွဲရာ ကံကြီးကုန်းကျေးရွာအနီး၌ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီက လေကြောင်းတိုက်ခိုက်ခဲ့၍ လူနေအိမ် လေးလုံးထက်မနည်း မီးလောင်ပျက်စီးခဲ့သည်။ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် မင်းကွန်းရွာနဲ့ ရွာရောင်းရွာကို ဇူလိုင် ၂၃ ရက်နေ့ နေ့လယ်ပိုင်းက စစ်ကောင်စီ တပ်သားတွေ စီးနင်းပြီးနောက် နေအိမ် သုံးဆယ်ကျော် မီးရှို့ဖျက်ဆီးခဲ့သည်။ ဇူလိုင် ၂၅ နှင့် ၂၆ ရက်တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်တောင်ခြမ်း၊ သရက်ခေါင်းရွာရှိ နေအိမ် ၇၂ လုံး၊ ရှမ်းတပ်ရွာ နေအိမ် ၁၁၅ လုံးကို စစ်သားများက မီးရှို့ဖျက်ဆီးခဲ့သည်။ ဇူလိုင် ၂၂ ရက်တွင် တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်၊ ပြင်ချောင်းရွာရှိ သပိတ် ကော်မတီဝင်တစ်ဦး၏ နေအိမ်ကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့သည်။

## ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် ဇူလိုင်လ စတုတ္ထအပတ်အတွင်း အရပ်သားပြည်သူ ၅၁ ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်ကိုင်းတိုင်းတွင် ၂၄ ဦး၊ မန္တလေးတိုင်းတွင် ၁၇ ဦး၊ ဧရာဝတီတိုင်းတွင် ၈ ဦးနှင့် တနင်္သာရီတိုင်းတွင် ၂ ဦးတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံ အနှံ့အပြားတွင် ဇူလိုင်လ စတုတ္ထအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၂၈ ကြိမ်ပြုလုပ်ခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၁၁ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၇ ကြိမ်၊ မကွေးတိုင်းတွင် ၅ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၂ ကြိမ်၊ ကရင်နီပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။

## ဇူလိုင်လ စတုတ္ထအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

## တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ စတုတ္ထအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၁၄၇ ကြိမ် ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၄၉ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၂၃ ကြိမ် ဖြစ်ပွားခဲ့သည်။ တနင်္သာရီတိုင်းတွင် ၂၀ ကြိမ်၊ ကရင်နီပြည်နယ်တွင် ၁၅ ကြိမ်၊ ချင်းပြည်နယ်တွင် ၉ ကြိမ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် ၈ ကြိမ်စီ၊ မွန်ပြည်နယ်တွင် ၇ ကြိမ်၊ မကွေးတိုင်းတွင် ၄ ကြိမ်၊ ကရင်ပြည်နယ်တွင် ၃ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲ ဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဇူလိုင်လ စတုတ္ထအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၃၂၁ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၁၀ ဦး ကျဆုံးခဲ့ပါသည်။

# ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

## MDY-PDF နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- မန္တလေးတိုင်း၊ စဥ့်ကူးမြို့နယ်ရှိ ကျန်ရှိနေသော ရွာသာယာရွာပျူစခန်းအား ဇူလိုင် ၂၅ ရက်တွင် ဒေသကာကွယ်ရေးအဖွဲ့များက ဝင်ရောက်တိုက်ခိုက်ရာ တိုက်ပွဲပြင်းထန်ခဲ့ပြီး စခန်းသိမ်းနိုင်ခဲ့သည်။

- ဇူလိုင် ၃၁ ရက်တွင် မန္တလေးတိုင်း၊ မတ္တရာမြို့နယ်မှ ငါးလုံးပြွန်၊ တောင်ကန်၊ အောင်သပြေ၊ မြို့ကုန်း၊ ထန်းပင်ကုန်း၊ ဘိုကုန်းရွာများရှိ တပ်စခန်းများနှင့် အောင်သပြေကားကွင်းတပ်စခန်းကို Mdy-DPF မှ သိမ်းပိုက်ရရှိခဲ့သည်။ မတ္တရာမြို့နယ်အတွင်း သိမ်းပိုက်ရရှိသော စစ်ကောင်စီတပ်စခန်း အရေအတွက်မှာ ၃၅ ခု ရှိခဲ့သည်။

## TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲနှင့် မိုးကုတ်မြို့နယ်တို့တွင် ဇူလိုင် ၂၀ မှ ၂၃ ရက်အတွင်း တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ပူးပေါင်းတပ်များနှင့် စစ်ကောင်စီတိုက်ပွဲများ၌ တပ်ဖွဲ့ဝင် ရုပ်အလောင်း ၅၄ လောင်း နှင့် စစ်သုံ့ပန်း ၄၀ ဦးပါ ဖမ်းဆီးရမိခဲ့သည်ဟု TNLA က ဇူလိုင် ၂၃ တွင် သတင်းထုတ်ပြန်သည်။

- မန္တလေးတိုင်း၊ မိုးကုတ်မြို့အရှေ့ပိုင်းတွင် ကျန်ရှိသည့် စစ်တပ်ဗျူဟာကုန်းနှင့် စခန်းတချို့အား ဇူလိုင် ၂၄ ရက်တွင် တိုက်ခိုက်ပြီးနောက် မိုးကုတ်မြို့ကို ပလောင်(တအာင်း) အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ပူးပေါင်းတပ်ဖွဲ့မှ သိမ်းပိုက်နိုင်ခဲ့သည်။

- မန္တလေးတိုင်း၊ မိုးကုတ်မြို့သိမ်းတိုက်ပွဲတွင် စစ်ကောင်စီ၏ အတွဲလိုက်ပစ်ဒုံး လက်နက် အပါအဝင် လက်နက် မျိုးစုံ ၂၀၀ ကျော်ရရှိပြီး စစ်သုံ့ပန်း ၃၀ ကျော် TNLA မှ ဖမ်းဆီးရရှိခဲ့သည်။

- ရှမ်းပြည်မြောက်ပိုင်း၊ မိုးမိတ်ဒေသရှိ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်လက်အောက်ခံအခြေချဗျူဟာ အပါအဝင် ခလရ ၂၇၆၊ ခမရ ၃၄၈ တပ်ရင်းဌာနချုပ်များ အားလုံးကို (TNLA)နှင့် ပူးပေါင်းတပ်များက ဇူလိုင် ၃၁ ရက်တွင် သိမ်းပိုက်လိုက်သည်။

**MNDAA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ဇူလိုင် ၂၁ ရက်က လားရှိုးတိုက်ပွဲတွင် စစ်ကောင်စီတပ်မှ ဗိုလ်မှူးကြီးဦးဆောင်ပြီး အရာရှိစစ်သည် ၃၁၇ ဦး လက်နက်ခဲယမ်းအပြည့်အစုံဖြင့် ကိုးကန့်တပ်မတော်(MNDAA) ထံ လက်နက်ချ အလင်းဝင်ခဲ့ သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ အခြေစိုက် စစ်ကောင်စီ၏ ခလရ(၄၁)တပ်ရင်းနှင့် ခလရ(၆၈) တပ်ရင်းများကို ကိုးကန့်တပ်မတော်(MNDAA)နှင့် မဟာမိတ် ပူးပေါင်းတပ်ဖွဲ့များက ဇူလိုင် ၂၃ ရက် တွင် သိမ်းပိုက်နိုင်ခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ရှိ စစ်ကောင်စီ၏ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် (ရမခ) ကို ဇူလိုင် ၂၅ ရက်တွင် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) က သိမ်းပိုက် နိုင်ခဲ့သည်။

- ရှမ်းပြည်မြောက်ပိုင်း၊ လာရှိုးအခြေစိုက် စစ်ကောင်စီ၏ ခြေလျင်တပ်ရင်း (ခလရ) ၆၈ တပ်ရင်းနှင့် ဆင်တောင်စခန်းတို့ကို ဇူလိုင် ၂၇ ရက်တွင် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) နှင့် ပူးပေါင်းတပ်များ သိမ်းပိုက်ခဲ့သည်။ ထိုနေ့တွင်ပင် လားရှိုးမြို့ မန်ဆူစေတီတွင် တပ်စွဲ ထားသော စစ်တပ် စခန်း၊ AD တိုးဂိတ် စခန်း အပါအဝင် စစ်ကောင်စီ တပ်ရင်း ၄ ခုကို သိမ်းပိုက် ခဲ့သည်။

- ဇူလိုင် ၂၈ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမီးရထားဘူတာရုံကို MNDAA က သိမ်းပိုက်ခဲ့ပြီး အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တွင် တိုက်ပွဲများ ပြင်းထန်နေသည်။

- MNDAA နှင့် BPLA တို့ပါဝင်သော မဟာမိတ်တပ်ပေါင်းစုသည် လားရှိုးမြို့အခြေစိုက် ဆက်သွယ်ရေး တပ်ရင်း၊ အမှတ် ၇၀၀၅ သံချပ်ကာ တိုက်ခိုက်ရေးတပ်ရင်း၊ အမှတ်၂၄၂ စစ်လက်နက် တပ်ခွဲနှင့် တပ်မတော် ဂေါက်ကွင်းစခန်းများကို ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

**ဇူလိုင်လ ၂၂ ရက်နေ့မှ ၃၁ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

**Data of Myanmar Conflict 22-31, July 2024**

| States | Clashes between SAC and PDF/EAOs | SAC's soldiers killed | PDF killed | Children killed | Civilians killed | Civilians arrested | Air Strike | Villages set on fire | Houses burned down |
|---|---|---|---|---|---|---|---|---|---|
| AYEYARWADY | | | | | | 8 | | | |
| CHIN | 9 | 28 | 3 | | | | | | |
| KACHIN | 8 | | | | | | | | |
| KARENNI | 15 | | | | | | 1 | | |
| KAYIN | 3 | 27 | | | | | | | |
| MAGWAY | 4 | 11 | | | 8 | | 5 | | |
| MANDALAY | 23 | 95 | 2 | | | 17 | 11 | | |
| MON | 7 | 6 | 3 | | 7 | | | | |
| RAKHINE | 1 | 2 | | | 8 | | 1 | | |
| SAGAING | 8 | 43 | 1 | 1 | 7 | 24 | 2 | | 221 |
| SHAN (North) | 49 | 31 | | 1 | 16 | | 7 | | |
| TANINTHARYI | 20 | 78 | 1 | | | 2 | 1 | | 1 |
| **TOTAL** | **147** | **321** | **10** | **2** | **46** | **51** | **28** | | **222** |

# Map of Myanmar Conflict ( July 22-31, 2024 )



# ဇူလိုင်လ စတုတ္ထအပတ်အတွင်း အခြားသိမှတ်ဖွယ်သတင်းများ

## ဒေါ်အောင်ဆန်းစုကြည် နဲ့ ပြည်ထဲရေးဝန်ကြီး နှစ်ကြိမ်တွေ့

ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နဲ့ အကျဉ်းချခံထားရတဲ့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ပြီးခဲ့တဲ့အပတ်အတွင်း နှစ်ကြိမ်တွေ့ခဲ့ကြတယ်လို့ နေပြည်တော်က ဘီဘီစီ သတင်းအရင်းအမြစ်ထံမှ သိရှိရပါတယ်။ ''အာဇာနည်နေ့မတိုင်ရက်က တစ်ခါတွေ့တယ်။ ဇူလိုင် ၂၁ ရက်မှာ တခါတွေ့တယ်။ နေပြည်တော် အကျဉ်းထောင်ထဲကို (ဒုတိယ)ဗိုလ်ချုပ်ကြီးရာပြည့်က လာတွေ့တာ'' လို့ ပြည်ထဲရေးဝန်ကြီးဌာနမှတဆင့် သိရှိရပါတယ်။

## ဦးမြင့်ဆွေက ယာယီသမ္မတတာဝန်ကို စစ်ခေါင်းဆောင်ထံလွှဲပြောင်း

ယာယီသမ္မတ ဦးမြင့်ဆွေက သူ့ရဲ့တာဝန်ကို အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်ထံ ဇူလိုင်လ ၂၂ ရက်မှာ လွှဲပြောင်း ပေးအပ်လိုက်တယ်လို့ စစ်ကောင်စီက သတင်းထုတ်ပြန်ပါတယ်။ ဆေးခွင့်ယူထားရတာကြောင့် (ကာလုံ) ကိစ္စတွေကို ဆက်ဆောင်ရွက်နိုင်ဖို့အတွက် လွှဲပြောင်းတာလို့  သိရပါတယ်။ အာဏာသိမ်းထားတဲ့ စစ်ကောင်စီဟာ ဇူလိုင်လ ၃၁ ရက်မှာ ငါးကြိမ်မြောက်တိုးထားတဲ့ အရေးပေါ်သက်တမ်း ကုန်ဆုံးခါနီးမှာ အခုလို လွှဲပြောင်းလိုက်တာလည်း ဖြစ်ပါသည်။

## စစ်ကောင်စီက အရေးပေါ်ကာလသက်တမ်း ၆ လ ထပ်တိုး

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၃၁ ရက်မှာ စစ်ကောင်စီက နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ အစည်းအဝေး ခေါ်ပြီး နောက်ထပ်အရေးပေါ်ကာလ ၆ လ သက်တမ်းတိုးလိုက်ပါတယ်။ အရေးပေါ်ကာလ ၆ လ သက်တမ်း ကို အကြိမ်ကြိမ် တိုးခဲ့တာ အခုတစ်ကြိမ်နဲ့ ၆ ကြိမ်ရှိပြီ ဖြစ်ပါတယ်။

**တိုက်ပွဲများ အမြန်ဆုံးရပ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးရန် MNDAA ကို Asia World ကုမ္ပဏီ စာထုတ်**

လားရှိုးမြို့ တိုက်ပွဲများနှင့်ပတ်သက်ပြီး မြန်မာအမျိုးသားဒီမိုကရက်တစ် တပ်မတော် (MNDAA) အပါအဝင် သက်ဆိုင်ရာ လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် အမြန်ဆုံး အပစ်အခတ် ရပ်စဲပြီး စစ်တပ်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် Asia World ကုမ္ပဏီလိမိတက်က တရုတ်ဘာသာဖြင့် ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်တောင်းဆိုသည်။ Asia World ကုမ္ပဏီပိုင်ရှင် ထွန်းမြင့်နိုင်သည် ကိုးကန့်ပြည်သူ့စစ်ခေါင်းဆောင်ဟောင်း ဘိန်းဘုရင် လော်စစ်ဟန်၏ သားဖြစ်သည်။

**အာဏာသိမ်းမှုထောက်ခံတဲ့ ပြည်သူ့အင်အားပါတီကို စစ်ကောင်စီ မှတ်ပုံတင်ခွင့်မပေး**

ပါတီဆက်လက်တည်ထောင်ခွင့်အတွက် မှတ်ပုံတင်ခွင့်လျှောက်ထားတဲ့ ပြည်သူ့အင်အားပါတီကို စစ်ကောင်စီ ရွေးကောက်ပွဲကော်မရှင် UEC က ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်တွေနဲ့ ညီညွတ်ခြင်းမရှိတာကြောင့် ငြင်းပယ်လိုက်တယ်လို့ ဇူလိုင် ၂၂ ရက်စွဲနဲ့ သတင်းထုတ်ပြန်ပါသည်။

**အာဆီယံဆွေးနွေးပွဲ - စစ်ကောင်စီ အမြဲတမ်းအတွင်းဝန် တက်ရောက်**

လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့မှာ ကျင်းပနေတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို စစ်ကောင်စီ နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်မိုး တက်ရောက်ခဲ့ပါတယ်။ လာအိုမှာ အာဆီယံနဲ့ ဒေသတွင်း မိတ်ဖက် ဆွေးနွေးဖက်နိုင်ငံတွေက နိုင်ငံခြားရေးဝန်ကြီးတွေရဲ့ အစည်းအဝေးနဲ့ ဆက်စပ် အစည်းအဝေးတွေကို ဇူလိုင်လ ၂၅ ရက် ကနေ ၂၇ ရက်နေ့အထိ ကျင်းပခဲ့သည်။

**အိန္ဒိယနဲ့ ရွေးကောက်ပွဲကိစ္စဆွေးနွေးခဲ့ကြောင်း စစ်ကောင်စီပြော**

စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် Shri Ajit Doval တို့ ဇူလိုင် ၂၆ ရက်က နေပြည်တော်မှာတွေ့ဆုံစဉ် မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်နေတဲ့အကြောင်း ဆွေးနွေးခဲ့တယ်လို့ စစ်ကောင်စီက ထုတ်ပြန်ပါသည်။

## ဟိုင်ဂင်သဘောတူညီချက် အရှိန်မြှင့်ဖို့ နိုင်ငံရေးပါတီဘက်က တရုတ်ကိုတောင်းဆို

တရုတ်ကြားဝင်ညှိနှိုင်းပေးခဲ့တဲ့ ဟိုင်ဂင်သဘောတူညီချက်ကို ဆက်လက်အရှိန်မြှင့်သွားဖို့ စစ်ကောင်စီ ခွင့်ပြုပေးထားတဲ့ နိုင်ငံရေးပါတီလေးခုက တရုတ်ခရီးစဉ်အတွင်း တိုက်တွန်းခဲ့ပါတယ်။ဇူလိုင် ၂၀ ရက်ကနေ ၂၇ ရက်အထိ တရုတ်နိုင်ငံကို လာရောက်ဖို့ ကြံ့ခိုင်ရေးပါတီ၊ ပြည်သူ့ပါတီ၊ ရခိုင့်ဦးဆောင်ပါတီနဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူ) တို့ကို တရုတ်ကွန်မြူနစ်ပါတီက ဖိတ်ကြားခဲ့တာပါ။ အဲဒီခရီးစဉ်အတွင်း မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့နဲ့ စစ်ကောင်စီ ငြိမ်းချမ်းရေးညှိနှိုင်းရေးကော်မတီ NSPNC တို့ရဲ့ ဟိုင်ဂင်သဘောတူညီချက်ကို အရှိန်မြှင့်ဖို့ တရုတ်ဘက်ကို တင်ပြခဲ့ပါသည်။

## CNF နှင့် ZRO တို့ ပထမအကြိမ်တွေ့ဆုံ၊ အချက် ၃ ချက်ကို ကနဦးသဘောတူ

ချင်းအမျိုးသားတပ်ဦး CNF/CNA နှင့် ဇိုမီးပြန်လည်ပေါင်းစည်း ညီညွတ်ရေးအဖွဲ့ (ZRO/ZRA) တို့၏ ပထမဆုံးအကြိမ် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက်တွင် မီဇိုရမ်ပြည်နယ် အိုင်ဇောလ်မြို့၌ ပြုလုပ်ခဲ့ကြသည်။ ယင်းတွေ့ဆုံပွဲတွင် အချက် ၃ ချက်ကို ကနဦးသဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

## လားရှိုးမြို့ထဲကို ဝ တပ်ဖွဲ့ ဝင်ရောက်

စစ်တပ်နဲ့ ကိုးကန့်တပ်(MNDAA) တို့ တိုက်ပွဲဖြစ်ပွားနေတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းက လားရှိုးမြို့ထဲကို 'ဝ'ပြည်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့တွေ ဇူလိုင် ၂၇ ရက်က ဝင်ရောက်လာခဲ့သည်။ မြို့ထဲကို မဝင်ခင်မှာလည်း တိုက်ပွဲဖြစ်ပွားနေတဲ့ အဖွဲ့တွေဆီကို အကြောင်းကြားခဲ့ပြီး အဲဒီအဖွဲ့တွေရဲ့ သဘောတူညီချက်နဲ့ ဝင်ရောက်ခဲ့တာဖြစ်ပါသည်။

## အပစ်ရပ်ပြီး တွေ့ဆုံဆွေးနွေးရေး လမ်းစဉ်ဖြင့် ဖြေရှင်းကြရန် RCSS ထပ်မံ တိုက်တွန်း

လက်ရှိဖြစ်ပွားနေသော တိုက်ပွဲများကို ရပ်စဲပြီး သက်ဆိုင်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မျက်နှာစုံညီတွေ့ဆုံသည့် နည်းလမ်းဖြင့် ဖြေရှင်းကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ကြရန် သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) မှ ဇူလိုင် ၂၉ ရက်တွင် တိုက်တွန်းချက် ထုတ်ပြန်လိုက်သည်။

**ထိုင်းက မြန်မာကို ဘတ်ကိုးသန်း ထောက်ပံ့မည်**

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့မှာကျင်းပနေတဲ့ ၅၇ ကြိမ်မြောက် အာဆီယံအစည်းအဝေးအတွင်း ထိုင်းနိုင်ငံခြား ရေးဝန်ကြီး မာရစ်ဆင်ညမ်ဖုန်က မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ထိုင်းဘတ် ကိုးသန်းကို (AHA Centre) ကတစ်ဆင့် ထောက်ပံ့ကူညီသွားမယ်လို့ ကြေညာခဲ့ပါသည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, MeKong News, Than Lwin Times, PVTV, Khonumthung Burmese.**

## အသေးစိတ်အချက်အလက်များ

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံအနှံ့အပြားတွင် နေအိမ် ၂၂၂ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ဇူလိုင် ၂၃ ရက်တွင် စစ်ကိုင်းမြို့နယ်၊ မင်းကွန်းရဲစခန်းမှ အင်အား ၁၀၀ ကျော်ဖြင့် စစ်ကြောင်းထိုးလာသဖြင့် ပြည်သူ့ကာကွယ်ရေးတပ်နှင့် အပြန်အလှန်ပစ်ခတ်တိုက်ပွဲ ဖြစ်ပွားခဲ့ရာ စစ်တပ်ဘက်မှ ၃ ဦး သေဆုံးပြီးနောက် စစ်သားများက မြသိန်းတန်ဘုရားမြောက်ဘက်ရှိ ရှားရောင်းကျေးရွာကို ဝင်ရောက်မီးရှို့ခဲ့သည်။

- ဇူလိုင် ၂၃ ရက်တွင် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်ရှိ စစ်ကောင်စီတပ်စွဲရာ ကံကြီးကုန်းကျေးရွာအနီး၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်သား သုံးဦး သေဆုံးပြီး ၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စစ်ကောင်စီက လေကြောင်းတိုက်ခိုက်ခဲ့၍ လူနေအိမ် လေးလုံးထက်မနည်း မီးလောင်ပျက်စီးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် မင်းကွန်းရွာနဲ့ ရွာရောင်းရွာကို ဇူလိုင် ၂၃ ရက်နေ့ နေ့လယ်ပိုင်းက စစ်ကောင်စီ တပ်သားတွေ စီးနင်းပြီးနောက် နေအိမ် သုံးဆယ်ကျော် မီးရှို့ဖျက်ဆီးခဲ့ပြီး လူ ၂၀ ကျော် ခန့် ဖမ်းဆီးခံခဲ့ရပါသည်။

- ဇူလိုင် ၂၅ နှင့် ၂၆ ရက်တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်တောင်ခြမ်း ထန်းကုန်း၊ ဇီးကုန်းတိုက်နယ် အတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုကြောင့် သရက်ခေါင်းရွာသား ၂ ဦး၊ သပြေသာလေးရွာသား ၁ ဦး သေဆုံးခဲ့ကြောင်း၊ သရက် ခေါင်းရွာရှိ နေအိမ် ၇၂ လုံး၊ ရှမ်းတပ်ရွာ နေအိမ် ၁၁၅ လုံး မီးရှို့ဖျက်ဆီး ခံရပြီး အရပ်သား ၄ ဦး ဖမ်းဆီးခံခဲ့ရသည်။

- ဇူလိုင် ၂၂ ရက်တွင် တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်၊ ပြင်ချောင်းရွာရှိ စစ်တပ်က ဝင်ရောက်စီးနင်းပြီး သပိတ်ကော်မတီဝင်တစ်ဦး၏ နေအိမ်ကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံ အမျိုးသမီး နှစ်ဦးအား လူသားဒိုင်းအဖြစ် ဖမ်းဆီးသွားခဲ့သည်။

## ဖမ်းဆီးခံရမှုများ

- စစ်ကောင်စီတပ်က ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ်မှာ ဇူလိုင် ၂၃ ရက်နဲ့ ၂၄ ရက်တွေမှာ ဒေသခံ အမျိုးသား ၃ ဦးနဲ့ အမျိုးသမီး ၁ ဦးတို့ကို တော်လှန်ရေးတပ်ဖွဲ့ PDF တွေနဲ့ ပတ်သက်နေတယ်လို့ စွပ်စွဲပြီး နေအိမ်တွေမှာ သွားရောက် ဖမ်းဆီးခဲ့ပါသည်။

- ဇူလိုင် ၂၇ ရက်တွင် မြန်အောင်မြို့နယ်၊ အင်ပင်မြို့အနောက်ဘက်မှာရှိတဲ့ ရခိုင်ရိုးမအစပ်က ဒေသခံ လူငယ်အမျိုးသား ၄ ယောက်ကို PDF နှင့်ဆက်သွယ်သည်ဟုဆိုကာ ကောင်စီတပ်က စွပ်စွဲဖမ်းဆီးခဲ့ပါသည်။

- နေပြည်တော်၊ လယ်ဝေးမြို့နယ် အေလာ လေတပ်စခန်း ရှေ့တိုက်ဒုံးတွေနဲ့ ပစ်ခတ်တိုက်ခိုက်ခံရမှုနဲ့ ပတ်သက်ပြီး ပြည်သူ ၁၇ ဦးကို ဖမ်းဆီးထားတယ်လို့ စစ်ကောင်စီရဲ့ ဇူလိုင် ၂၂ ရက်ထုတ် နိုင်ငံပိုင် သတင်းစာတွေကတစ်ဆင့် သိရှိရပါသည်။

- စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် မင်းကွန်းရွာနဲ့ ရှားရောင်းရွာကို ဇူလိုင် ၂၃ ရက်နေ့ နေ့လယ်ပိုင်းက စစ်ကောင်စီ တပ်သားတွေ စီးနင်းပြီးနောက် နေအိမ် သုံးဆယ်ကျော် မီးရှို့ဖျက်ဆီးခဲ့ပြီး လူ ၂၀ ကျော် ခန့် ဖမ်းဆီးခံခဲ့ရပါသည်။

- ဇူလိုင် ၂၅ နှင့် ၂၆ ရက်တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်တောင်ခြမ်း ထန်းကုန်း၊ ဇီးကုန်းတိုက်နယ် အတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုကြောင့် သရက်ခေါင်းရွာသား ၂ ဦး၊ သပြေသာလေးရွာသား ၁ ဦး သေဆုံးခဲ့ကြောင်း၊ သရက်ခေါင်းရွာရှိ နေအိမ် ၇၂ လုံး၊ ရှမ်းတပ်ရွာ နေအိမ် ၁၁၅ လုံး မီးရှို့ဖျက်ဆီးခံရ ပြီး အရပ်သား ၄ ဦး ဖမ်းဆီးခံခဲ့ရသည်။

- စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ အရှေ့ဘက်ခြမ်းရွာတွေကို စစ်ကောင်စီတပ်စစ်ကြောင်းက ဇူလိုင်လ ၂၆ ရက်မှာ ဝင်ရောက် စီးနင်းပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦး သေဆုံးခဲ့ပါသည်။

- ဇူလိုင် ၂၂ ရက်တွင် တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်၊ ပြင်ချောင်းရွာရှိ စစ်တပ်က ဝင်ရောက်စီးနင်း ပြီး သပိတ်ကော်မတီဝင်တစ်ဦး၏ နေအိမ်ကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံ အမျိုးသမီး နှစ်ဦးအား လူသားဒိုင်းအဖြစ် ဖမ်းဆီးသွားခဲ့သည်။

**အသတ်ခံရမှုများ**

- ဇူလိုင် ၂၅ ရက်က မကွေးတိုင်း၊ ရေစကြိုမြို့တွင် ဆိုင်ကယ်ဦးထုပ်မဆောင်းဟုဆိုကာ လူငယ်တစ်ဦး အား စစ်ကောင်စီတပ်က ဖမ်းဆီးသတ်ဖြတ်လိုက်သည်။

- ဇူလိုင် ၂၀ ရက်တွင် ရက္ခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ဂန္ဓာရီ ကယ်ဆယ် ရေးစခန်းမှ ပြည်သူ ၇ ဦးအား စစ်ကောင်စီမှ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်၊ ပေါင်းဝရွာမှာ ဇူလိုင် ၂၀ ရက်က စစ်ကောင်စီတပ် စစ်ကြောင်းနဲ့ တိုးတဲ့ အသက် ၁၃ နှစ်အရွယ် ယောကျာ်းလေးတစ်ဦး ပစ်သတ်ခံလိုက်ရပါသည်။

- စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ အရှေ့ဘက်ခြမ်းရွာတွေကို စစ်ကောင်စီတပ်စစ်ကြောင်းက ဇူလိုင်လ ၂၆ ရက်မှာ ဝင်ရောက် စီးနင်းပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦး သေဆုံးခဲ့ပါသည်။

- ဇူလိုင် ၂၀ ရက်က ရှမ်းပြည်နယ်၊ ကျောက်မဲမြို့တွင် ဆိုင်ကယ်စီးလာသော မြို့ခံလေးဦးကို ဂိတ်စောင့် စစ်ကောင်စီတပ် ၏ တားဆီးမေးမြန်းမှုမရှိဘဲ ပစ်ခတ်မှုကြောင့် ပွဲချင်းပြီးသေဆုံးခဲ့သည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

- စစ်ကောင်စီတပ်က ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့၊ ရွာတန်းရှည်ရပ်ကွက်ကို ဇူလိုင် ၃၁ ရက်တွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

- ဇူလိုင် ၂၃ ရက်မှာ မကွေးတိုင်း၊ စလင်းမြို့နယ်ရှိ ငလှိုင်တွင်းရွာကို လေကြောင်းကနေ သုံးကြိမ်ပစ်ခတ်ခဲ့တာဖြစ်ပြီး ဘုန်းကြီးတစ်ပါး အပါအဝင် လူ၅ ဦး သေဆုံးကာ ၁၃ ဦး ထိခိုက်ဒဏ်ရာရခဲ့ပါသည်။

- မကွေးတိုင်း၊ မြိုင်မြို့နယ်တွင် ဇူလိုင် ၂၉ ရက်နေ့က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ကျေးရွာ ၂ ရွာကို စစ်တပ်က Mi-35 ရဟတ်ယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် အမျိုးသမီး ၁ ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ်များ ပျက်စီးခဲ့သည်။

- ဇူလိုင် ၂၄ ရက်တွင် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်အစပ်တွင်ရှိသည့် ကျေးရွာများအနီးသို့ စစ်ကောင်စီတပ်က တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

- ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်အတွင်း မန္တလေးတိုင်း၊ မတ္တရာမြို့နယ်အတွင်းရှိ ကျောက်တံတားရွာနှင့် ဘိုကုန်းရွာ အနီးတစ်ဝိုက်ကို စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှု ၁၀ ကြိမ်ထပ်မနည်း ပြုလုပ်ခဲ့သည်။

- ဇူလိုင် ၂၀ ရက်တွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်မှ ကွင်းဝိုင်းရေတပ်စခန်းထဲကို အာရက္ခတပ်တော် (AA) က ပစ်ခတ်လိုက်တဲ့ ရှော့တိုက်ဒုံး ၂ လုံး ကျရောက်ပေါက်ကွဲပြီး စစ်သား ၂ ဦး သေဆုံးကာ ရေတပ်အနီးရှိ ကျွဲသောက်ကျေးရွာကို ဇူလိုင် ၂၁ ရက်မှာ လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။

- ဇူလိုင် ၂၃ ရက်တွင် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်ရှိ စစ်ကောင်စီတပ်ဖွဲ့ရာ ကံကြီးကုန်းကျေးရွာအနီး၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်သား သုံးဦး သေဆုံးပြီး ၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စစ်ကောင်စီက လေကြောင်းတိုက်ခိုက်ခဲ့၍ လူနေအိမ် လေးလုံးထက်မနည်း မီးလောင်ပျက်စီးခဲ့သည်။

- ဇူလိုင် ၂၈ ရက်တွင် စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ ပျဉ်းကိုင်းရွာကို စစ်ကောင်စီတပ်က လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်ခဲ့တဲ့အတွက် အရပ်သားတဦး သေဆုံးပြီး ကလေး ၄ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့ရှိ စစ်ကောင်စီ ခမရ ၅၀၂ တွင် ဇွန် ၂၀ နှင့် ၂၁ ရက်က တိုက်ပွဲပြင်းထန်ခဲ့ပြီး စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် နမ့်တုံရပ်မှ အိမ်တစ်လုံးပေါ် ကျရောက်ပေါက်ကွဲခဲ့ပြီး အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

- ဇူလိုင် ၂၂ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့အဝင် မုန်ဦးအနီးက စစ်ကောင်စီရဲ့ ခလရ (၄၁) တပ်ရင်းကို MNDAA က ဝင်ရောက်တိုက်ခိုက်ရာ စစ်ဦးစီးမှူး ဗိုလ်မှူးကြီး သန့်ဇင်ဝင်း သေဆုံးခဲ့သည်။ လားရှိုးမြို့အထွက်နေရာတွေမှာ တိုက်ပွဲတွေ ဆက်လက်ပြင်းထန်နေပြီး စစ်ကောင်စီမှ လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။

- ကိုးကန့်တပ် (MNDAA) ထိန်းချုပ်နေတဲ့ ကိုးကန့်ဒေသ၊ လောက်ကိုင်မြို့ရှိ  တုန်ချိန်ရပ်ကွက်ထဲကို စစ်ကောင်စီတပ်က ဇူလိုင် ၂၃ ရက်မှာ လေယာဉ်ဖြင့် ၂ ကြိမ်ဗုံးကြဲခဲ့သဖြင့် အမျိုးသားတဦးနှင့် အမျိုးသမီးတဦး သေဆုံးခဲ့ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့ကို စစ်ကောင်စီက ဇူလိုင် ၂၅ ရက်တွင် လေကြောင်း တိုက်ခိုက်မှုကြောင့် အဆောက်အအုံထိခိုက် ပျက်စီးမှုများရှိခဲ့သည်။

- ဇူလိုင် ၃၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့ရှိ စစ်ကောင်စီ ခြေမြန်တပ်ရင်း ခမရ(၃၄၈) ကို TNLA က စီးနင်းတိုက်ခိုက်နေပြီး စစ်ကောင်စီဘက်က လေကြောင်းပစ်ကူဖြင့် ခုခံနေကာ တိုက်ပွဲပြင်းထန်နေသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့တွင် ဇူလိုင် ၂၅ ရက်၌ စစ်ကောင်စီက လေကြောင်းတိုက်ခိုက်ခဲ့၍ အရပ်သား သုံးဦး သေဆုံးကာ သုံးဦး ဒဏ်ရာရခဲ့သည်။

- ဇူလိုင် ၂၉ ရက်နှင့် ဇူလိုင်လ ၃၁ ရက်တို့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ကို စစ်ကောင်စီတပ်က လေကြောင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူ ၅ ဦး သေဆုံးပြီး နေအိမ် ၁၅ လုံး ထိခိုက်ပျက်စီးခဲ့သည်။

- ဇူလိုင် ၃၀ ရက်တွင် တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်တွင် ရေနစ်မြုပ်နေသည့် လယ်သစ်ရွာကို စစ်တပ်က ရဟတ်ယာဉ်ဖြင့် ဗုံး ၁၃ လုံး ကျဲချတိုက်ခိုက်ခဲ့သည်။

## လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ

- ဇူလိုင် ၂၈ ရက်က မကွေးတိုင်း၊ ရေနံချောင်းမြို့အခြေစိုက် စစ်ကောင်စီ၏ ခမရ ၇၇ တပ်ရင်းမှ တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ ၄၀ မမ၊ ၆၀ မမလက်နက်ကြီးများဖြင့် ၅ လုံးပစ်ခတ်ခဲ့ရာ ကုက္ကိုကွအုပ်စု အတွင်းရှိ စစ်ဘေးရှောင်စခန်းတစ်ခုအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး အမျိုးသမီး ၂ ဦး သေဆုံးခဲ့သည်။

- ဇူလိုင် ၂၂ ရက်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့ရှိ သိမ်ဇရပ်ရဲစခန်းတိုက်ခိုက်ခံရပြီးနောက် စစ်ကောင်စီတပ် လက်နက်ကြီး ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

- မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု ကျောက်တန်းလေးကျေးရွာအနီးမှာ ဇူလိုင် ၂၃ ရက်က စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ်သားတွေနဲ့ တော်လှန်ရေးပူးပေါင်းတပ်တွေကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး အမှတ် ၃၁၀ အမြောက်တပ်ကနေ ကျေးရွာတွေကို လက်နက်ကြီးတွေနဲ့ ပစ်ခတ်ခဲ့တာကြောင့် ပြည်သူ ၆ ဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

- ဇူလိုင် ၂၄ ရက်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ စစ်ကောင်စီတပ်ရင်းက လက်နက်ကြီးနှင့်ပစ်ခတ်၍ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျွဲထိုးကျေးရွာအတွင်းကျရောက်ပေါက်ကွဲရာ အမျိုးသမီးတစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်။

- ဇူလိုင် ၂၃ ရက်တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ အုန်းပေါက်ရွာကို စစ်သားများ ဝင်ရောက်တပ်စွဲ၍ ဘေးပတ်ဝန်းကျင် ကျေးရွာကို လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်သဖြင့် မောင်းတက်ရွာမှ အမျိုးသမီး ၁ ဦး ထိမှန်သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ကလေးမြို့မြောက်ပိုင်း ပျဉ်းတောဦး(Tuingo) ကျေးရွာတွင် ဇူလိုင် ၂၃ ရက်က စစ်ကောင်စီတပ် ပစ်ခတ်သော လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲကာ ကလေးငယ်တစ်ဦး သေဆုံးကာ ၂ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ဇူလိုင် ၂၅ နှင့် ၂၆ ရက်တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်တောင်ခြမ်း ထန်းကုန်း၊ ဇီးကုန်းတိုက်နယ် အတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုကြောင့် သရက်ခေါင်းရွာသား ၂ ဦး၊ သပြေသာလေးရွာသား ၁ ဦး သေဆုံးခဲ့ကြောင်း၊ သရက်ခေါင်းရွာရှိ နေအိမ် ၇၂ လုံး၊ ရှမ်းတပ်ရွာ နေအိမ် ၁၁၅ လုံး မီးရှို့ဖျက်ဆီး ခံရပြီး အရပ်သား ၄ ဦး ဖမ်းဆီးခံခဲ့ရသည်။

- ရှမ်းပြည်မြောက်ပိုင်း၊ သိန္နီမြို့၊ ရပ်ကွက် ၄ ကွန်လုံလမ်းခွဲ ရွှေသိန္နီကားဂိတ်နားမှာ ဇူလိုင် ၂၈ ရက်က လက်နက်ကြီး ကျရောက်ပေါက်ကွဲတာကြောင့် မြေးအဘွား ၂ ဦး ထိမှန်ကာ သေဆုံးခဲ့ပါသည်။

- ဇူလိုင် ၂၉ ရက်နှင့် ဇူလိုင်လ ၃၁ ရက်တို့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ကို စစ်ကောင်စီတပ်က လေကြောင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူ ၅ ဦး သေဆုံးပြီး နေအိမ် ၁၅ လုံး ထိခိုက်ပျက်စီးခဲ့သည်။

## ဇူလိုင်လ စတုတ္ထအပတ်အတွင်း အခြားထိတွေ့တိုက်ပွဲ

- ချင်းပြည်နယ်မြို့တော် ဟားခါးမြို့နှင့် ထန်တလန်မြို့ကြားက စစ်ကောင်စီတပ်စခန်းများကို ချင်းပြည် အစိုးရ ပူးပေါင်းတပ်များက ဇူလိုင် ၂၂ ရက်တွင် ထိုးစစ်ဆင်တိုက်ခိုက်ရာ စစ်စခန်း ၃ ခုကို အပြီးသတ် သိမ်းပိုက်နိုင်ခဲ့ပြီး ချင်းပူးပေါင်း တပ်ဖွဲ့မှ ရဲဘော် သုံးဦး ကျဆုံးခဲ့သည်။

- ဟားခါးမြို့နယ်၌ ဖော်ဆောင်သည့် Rung(ရုန်း)စစ်ဆင်ရေး နှစ်ပတ်တာအတွင်း စစ်တပ်ဘက်မှ ၁၃ ဦး သေဆုံးခဲ့သည်။ ဇူလိုင် ၂၂ ရက်က ဟားခါးမြို့နယ်၊ အော်တိုတောင်စစ်စခန်းအား ထိုးစစ်ဆင်နေစဉ် စစ်ကူစစ်ကြောင်းအား ကြားဖြတ်တိုက်ခိုက်ရာ စစ်သား ၆ ဦးသေဆုံးပြီး ဇူလိုင် ၂၃ ရက်တွင် ဟားခါး

တက္ကသိုလ်မှ တက်လာသည့် စစ်ကြောင်းအား ထပ်မံ တိုက်ခိုက်စဉ် စစ်သား ၂ ဦးသေဆုံးခဲ့သည်။ ဇူလိုင် ၂၈ ရက်တွင် ဟားခါးမှ ထန်တလန်ဘက်သို့စစ်ကူထွက်လာသည့် စစ်ကြောင်းအား မိုင်းဖြင့် ထပ်မံတိုက်ခိုက်ရာ စစ်သား ၅ ဦးသေဆုံးခဲ့သည်။

- ဇူလိုင်လ ၂၈ ရက်တွင် ချင်းပြည်နယ်၊ ထန်တလန်မြို့ရုံရှိ စစ်ကောင်စီ၏ Auto တောင် စခန်း ၃ ခုကို Council ပူးပေါင်းတပ်ဖွဲ့က တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်တပ်ဘက်မှ ၁၅ ဦးသေဆုံးပြီး ၂ ဦး အရှင်ဖမ်းမိကာ လက်နက်ခဲယမ်းများ သိမ်းဆည်းရရှိခဲ့သည်။

- ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်ရှိ စစ်ကောင်စီ ခမရ(၄၃၇) တပ်ရင်းကို KIA ပူးပေါင်းတပ်ဖွဲ့က ဇူလိုင် ၂၄ ရက်တွင် သိမ်းယူနိုင်ခဲ့ပြီး ဆုတ်ခွာသွားသည့် စစ်ကောင်စီတပ်များနှင့် ဇူလိုင် ၂၅ ရက်ထိ တိုက်ပွဲဆက်လက် ဖြစ်ပွားခဲ့သည်။

- ဇူလိုင် ၂၄ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ကချင်ပြည်နယ်၊ မိုးမောက်မြို့အနီးက စစ်ကောင်စီရဲ့ ခြေမြန်တပ်ရင်း ခမရ (၄၃၇) KIA နဲ့ PDF ပူးပေါင်းတပ်တွေ ထိုးစစ်ဆင် တိုက်ခိုက်နေပြီး တိုက်ပွဲ ပြင်းထန်နေပါသည်။

- ဇူလိုင် ၂၃ ရက်နှင့် ဇူလိုင် ၂၄ ရက်တွင် ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့တွင် စစ်ကောင်စီတပ်က စစ်ကြောင်းထိုးလာသဖြင့် မိုင်းလုံး၊ ပန်ကန်း၊ ဒေါ်ဥခူနှင့် ထေးငိုလျား ရပ်ကွက်နှင့် GTC ကျောင်း၌ တိုက်ပွဲဖြစ်ပွားနေပြီး နှစ်ဖက်ထိခိုက်မှုရှိကာ စစ်ကောင်စီက နေအိမ်များကို မီးရှို့ခဲ့သည်။

- ဇူလိုင် ၂၅ ရက်တွင် စစ်ကောင်စီတပ်က လွိုင်ကော်အခြေစိုက် ခလရ ၅၄ တပ်ရင်းသို့ လေကြောင်းဖြင့် လက်နက်နှင့် စစ်သားများ ပို့ဆောင်ခဲ့ပြီးနောက် ဇူလိုင် ၂၉ ရက်အထိ ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့ လယ်ခေါင်၌ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

- ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူ - လိပ်သို လမ်းပိုင်းရှိ ကျောက်လုံးကြီးစခန်းနှင့် စစ်တပ်စစ်ကြောင်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ဇူလိုင် ၁၀ ရက်၊ ဇူလိုင် ၁၇ ရက်နှင့် ဇူလိုင် ၂၂ ရက်တို့တွင် မိုင်းဆွဲ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၂၇ ဦးသေဆုံးခဲ့ပြီး ၂ ဦးဖမ်းဆီးရမိခဲ့သည်။

- ဇူလိုင် ၂၀ ရက်က မကွေးတိုင်း၊ ရေနံချောင်းမြို့အခြေစိုက် ခလရ(၇၇ )မှ တပ်ကြပ်ဖိုးလင်းဆိုသူအား ရေနံချောင်းမြို့နယ် တနေရာတွင် အရပ်ဝတ်ဖြင့် ဆိုင်ကယ်စီးပြီး PDF သတင်းများကို ထောက်လှမ်းနေ၍ ကာကွယ်ရေးအဖွဲ့တွေ သွားရောက်ဖမ်းဆီးခဲ့ရာမှာ ခုခံထွက်ပြေး၍ ပစ်ခတ်ဖမ်းဆီးစဉ် သေဆုံးခဲ့သည်။

- ဇူလိုင် ၂၁ ရက်တွင် မကွေးတိုင်း၊ နတ်မောက်မြို့နယ်မြောက်ဘက်ခြမ်းရှိ ကျေးရွာများကို လှည့်လည်ကာ ပေါ်တာဆွဲနေသော စစ်သားများကို ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့မှ မိုင်းဆွဲ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၄ ဦးသေဆုံးခဲ့သည်။

- ဇူလိုင် ၂၃ ရက်တွင် မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်ရှိ စစ်ကောင်စီ၏ ကပစ ၂၂ ကို  တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်တပ်အရာရှိတစ်ဦးအပါအဝင် ၂ ဦးသေဆုံးခဲ့သည်။

- မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ခလရ ၂၅၈ တပ်ရင်း၊ အဝင်ဂိတ်ကို ဇူလိုင် ၂၆ ရက်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပထမဆုံးအကြိမ် အနီးကပ်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။

- ဇူလိုင် ၃၁ ရက်တွင် မကွေးတိုင်း၊ ရေစကြိုမြို့နယ်အတွင်း စစ်ကောင်စီစစ်ကြောင်းကို ရေစကြိုပကဖက ကြားဖြတ် တိုက်ခိုက်ခဲ့ရာ လေးဦးသေဆုံးပြီး ခဲယမ်းနှင့်စစ်သုံးပစ္စည်းအချို့ သိမ်းဆည်းရရှိခဲ့သည်။

- မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းပိုင်းတွင် စစ်ကားတစ်စီးကို မြင်းခြံခရိုင်တပ်ရင်းလေး (NPDF) က ဇူလိုင် ၂၁ ရက်တွင် မိုင်းဆွဲတိုက်ခိုက်ရာ ငါးဦးသေဆုံးခဲ့သည်။

- နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၂၃၂/၂ မှာ ဇူလိုင် ၂၁ ရက်တွင် ကင်းလှည့်နေတဲ့ စစ်ယာဉ်တန်းတစီးကို PDF တပ်ဖွဲ့က မိုင်းဆွဲ တိုက်ခိုက်ခဲ့သောကြောင့် ၂ ဦးသေဆုံးကာ ၄ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

- မန္တလေးတိုင်း၊ မိုးကုတ်မြို့အရှေ့ပိုင်းရှိ ပန်မထိပ်ရွာအနီးနှင့် အကျဉ်းထောင်ရှိ စစ်ကောင်စီတပ်စခန်းအား တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)နှင့် PDF မိုးကုတ်ဗျူဟာ ပူးပေါင်းတပ်ဖွဲ့တို့က ဇူလိုင် ၂၂ ရက်တွင် တိုက်ခိုက်သိမ်းပိုက်ရာ စစ်ကောင်စီ၏ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိပြီး ရန်သူ့အလောင်း ၂၀ ရှင်းလင်းနိုင်ခဲ့သည်။

- မန္တလေးတိုင်း၊ မိုးကုတ်မြို့အရှေ့ပိုင်း၊ ကျောက်တိုက်ကွင်းနားမှာ TNLA ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတို့ ဇူလိုင် ၂၃ ရက်တွင် တိုက်ပွဲဖြစ်ပြီး ပြည်သူ ၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

- မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်ရှိ စစ်ကောင်စီ၏ တွင်းငယ်ရဲစခန်းကို ကချင်လွတ်လပ်ရေး တပ်မတော်(KIA) က ဇူလိုင် ၂၅ ရက်တွင် ထပ်မံတိုက်ခိုက်သိမ်းပိုက်ခဲ့ရာ ရန်သူတပ်သား ၄ ဦး သေဆုံးပြီး ၂ ဦး အရှင်ဖမ်းမိခဲ့သည်။

- မန္တလေးတိုင်း၊ စဥ့်ကူးမြို့နယ်အတွင်းရှိ စစ်ကောင်စီတပ်ဖွဲ့၏ နောက်ဆုံးလက်ကျန် တပ်စခန်းဖြစ်သည့် ရေဝတီမြစ် အတွင်းမှ ရွာသာယာစခန်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ဇူလိုင်လ ၂၅ ရက်တွင် ရေကြောင်းတိုက်ပွဲဆင်နွှဲ၍ တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်သား ၅၀ ကျော်သေဆုံးပြီး မိသားစုဝင် ၅၀ ကျော် အရှင်ဖမ်းမိကာ ပြည်သူ့ကာကွယ်ရေး ရဲဘော် နှစ်ဦး ကျဆုံးခဲ့သည်။

- မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းတောင်ပေါ်ရှိ စစ်ကောင်စီ၏ ရဲကင်းစခန်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ မှ ဇူလိုင် ၂၅ ရက်တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ လက်နက်ငယ် ၁၃ လက်နှင့် ခဲယမ်းများ သိမ်းဆည်းရရှိခဲ့သည်။

- ဇူလိုင် ၂၇ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ မြင်းခြံ-နဘူးအိုင်လမ်းပေါ်တွင် စစ်ကား ၂ စီးကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်အရာရှိ ၁ ဦး အပါအဝင် စစ်သား ၁၃ ဦး သေဆုံးခဲ့သည်။

- တပ်ကုန်းမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၃၂၂ မှာ စစ်ကောင်စီယာဉ်တစီး ဇူလိုင် ၂၉ ရက်က မိုင်းဆွဲ တိုက်ခိုက်ခံရပြီး ဗိုလ်ကြီးတဦး သေဆုံးကာ ၂ ဦး ဒဏ်ရာရခဲ့ပါသည်။

- မွန်ပြည်နယ်၊ ရေးမြို့နယ် မြောက်ပိုင်း၊ မော့ကနင်ရွာသစ်ရွာဦး စေတီမှာ တပ်စွဲနေတဲ့ စစ်တပ်နဲ့ တော်လှန်ရေးပူးပေါင်းအဖွဲ့တို့ ဇူလိုင် ၂၃ ရက်က တိုက်ပွဲဖြစ်ခဲ့ရာ ရန်သူစစ်သားတစ်ဦး သေဆုံးခဲ့သည်။

- မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ ကျောက်တန်းလေးကျေးရွာအနီးနှင့် အမှတ် ၂၀၇ ခြေမြန်တပ်ရင်းရဲ့ ကုက္ကိုပင်ကာကင်းဂိတ်တို့တွင် ဇူလိုင် ၂၃ ရက်က စစ်ကောင်စီတပ်နဲ့ KNLA/PDF ပူးပေါင်းတပ်တို့ကြား တိုက်ပွဲ နှစ်နေရာ ဖြစ်ပွားခဲ့ပါသည်။

- ကျိုက်ထိုမြို့နယ် KNU ထိန်းချုပ်နယ်မြေအတွင်းကို စစ်ကြောင်းထိုးဝင်ရောက်လာတဲ့ စစ်တပ်ရဲ့ စစ်ကြောင်းကို ဇူလိုင် ၂၃ ရက်မှာ ရန်ကုန်တိုင်းပြည်သူ့ကွယ်ရေးတပ်ဖွဲ့ (၁) က တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ တပ်ဖွဲ့ဝင် ၃ ဦး ကျဆုံးခဲ့သည်။

- ဇူလိုင် ၂၇ ရက်တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကနင်ကမော့ကျေးရွာရှိ ဘုန်းကြီးကျောင်းမှာ အင်အား ၁၀၀ ကျော်နဲ့ လာရောက်တပ်စွဲထားတဲ့ စစ်ကောင်စီတပ်ကို ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် KNLA၊ PDF တပ်ဖွဲ့တွေ ဝင်ရောက် တိုက်ခိုက်ရာကနေ နှစ်ဖက်တိုက်ပွဲ ပြင်းထန်ခဲ့ပါသည်။

- ဇူလိုင် ၂၉ ရက်တွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဝဲခမိကျေးရွာနဲ့ရွာသာအေးကျေးရွာအကြား စစ်ကောင်စီတပ်နဲ့ တော်လှန်ရေးအင်အားစု ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်က ငါးဦးသေဆုံးခဲ့သည်။

- ဇူလိုင် ၂၀ ရက်တွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်မှ ကွင်းဝိုင်းရေတပ်စခန်းထဲကို အာရက္ခတပ်တော် (AA) က ပစ်ခတ်လိုက်တဲ့ ရှော့တိုက်ဒုံး ၂ လုံး ကျရောက်ပေါက်ကွဲပြီး စစ်သား ၂ ဦး သေဆုံးကာ ရေတပ်အနီးရှိ ကျွဲသောက်ကျေးရွာကို ဇူလိုင် ၂၁ ရက်မှာ လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။

- စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ အုံတုံပင်နှင့်ကျေးစာကျကျေးရွာကြားတွင် စစ်ကောင်စီလှည့်ကင်းအဖွဲ့အား ADRPA တပ်ဖွဲ့မှ ဇူလိုင် ၂၂ ရက်၌ တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ကျောက်မြောင်းမြို့ရှိ စစ်ကောင်စီတပ် ခမရ ၁၂ တပ်ရင်းအတွင်းနှင့် ခြေလျင်စစ်ကြောင်းကို ဇူလိုင် ၂၂ ရက်တွင်  ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့မှ ဒရုန်းဖြင့် ဗုံးကျဲတိုက်ခိုက်ခဲ့ရာ စစ်သား ၇ ဦး သေဆုံးခဲ့သည်။

- ဇူလိုင် ၂၃ ရက်တွင် စစ်ကိုင်းမြို့နယ်၊ မင်းကွန်းရဲစခန်းမှ အင်အား ၁၀၀ ကျော်ဖြင့် စစ်ကြောင်းထိုးလာသဖြင့် ပြည်သူ့ကာကွယ်ရေးတပ်နှင့် အပြန်အလှန်ပစ်ခတ်တိုက်ပွဲ ဖြစ်ပွားခဲ့ရာ စစ်တပ်ဘက်မှ ၃ ဦး သေဆုံးခဲ့သည်။

- ဇူလိုင် ၂၃ ရက်တွင် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်ရှိ စစ်ကောင်စီတပ်စွဲရာ ကံကြီးကုန်းကျေးရွာအနီး၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်သား သုံးဦး သေဆုံးပြီး ၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စစ်ကောင်စီကလေကြောင်းတိုက်ခိုက်ခဲ့၍ လူနေအိမ် လေးလုံးထက် မနည်း မီးလောင်ပျက်စီးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်ရှိ မြပုလဲစစ်ကောင်စီဂိတ်မှ ထွက်လာပြီး မုံရွေးတိုးဂိတ်နားမှာ ညအိပ်တပ်စွဲနေတဲ့ စစ်ကောင်စီ တပ်သားတွေကို ဇူလိုင် ၂၃ မှာ မိုင်းဆွဲတိုက်ခိုက်ခဲ့တာကြောင့် စစ်သား ၂ ဦး သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ကျီကုန်းကျေးရွာတံတားဂိတ်စခန်းအား ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့မှ ဇူလိုင် ၂၄ ရက်တွင် တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၁၆ ဦးသေဆုံးပြီး လက်နက်ခဲယမ်းအများအပြား သိမ်းဆည်းရရှိခဲ့သည်။

- ဇူလိုင် ၂၅ ရက်တွင် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာအနီး စစ်တပ်ကင်းပုန်းနှင့်တပ်စွဲထားသော နေရာများကို တော်လှန်ရေးတပ်ဖွဲ့များက ဒရုန်းဖြင့် ဗုံးကျဲ တိုက်ခိုက်ရာ စစ်တပ်ဘက်မှ ၅ ဦးသေဆုံးခဲ့သည်။

- ဇူလိုင် ၂၇ ရက်တွင် စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ဘိုးမင်းကြီးကင်းလမ်းခွဲတွင် အထိုင်ချတပ်စွဲထားသော စစ်သားများကို တော်လှန်ရေးတပ်ဖွဲ့များမှ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ စစ်သား ၂ ဦးသေဆုံးခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့ရှိ စစ်ကောင်စီတပ်အမှတ်၅၀၂ ခြေမြန်တပ်ရင်း( ခမရ ၅၀၂) တွင် ဇွန် ၂၀ နှင့်၂၁ ရက်က တိုက်ပွဲပြင်းထန်ခဲ့ပြီး စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် နမ့်တုံရပ်မှ အိမ်တစ်လုံးပေါ် ကျရောက်ပေါက်ကွဲခဲ့ပြီး အမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။

- ဇူလိုင် ၂၇ ရက်တွင် ကျောက်မဲမြို့ရှိ စစ်ကောင်စီတပ် စကခ ၁ ၊ ခမရ ၅၀၁ ၊ ခမရ ၅၀၂ တပ်သားများ တပ်စွဲထားသည့် လွယ်ခွန်တောင်နှင့် တာဝါတိုင်စခန်းကုန်းတို့ကို TNLA ထိုးစစ်တိုက်ခိုက်ရှင်းလင်းခဲ့ရာ နှစ်ဖက်တိုက်ပွဲပြင်းထန်ခဲ့သည်။

- ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့တောင်ဘက်ခြမ်းတလျှောက်ရှိတဲ့ ရွှေမုဌေ၊ တောင်ရှည်နဲ့ တောင်ခမ်းရွာ ဘက်တွေမှာ စစ်ကောင်စီနဲ့ တအာင်းတပ် (TNLA) ပူးပေါင်းတပ်တွေကြား ဇူလိုင် ၂၆ ရက်က ပြင်းထန်တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါသည်။

- ဇူလိုင် ၂၇ ရက်တွင် မိုးမိတ်မြို့၊ ညောင်ပင်ဆောက်၊ ဒိုးပင်နှင့် မိုးမိတ်ဗျူဟာကုန်း စသည့်နေရာများတွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် စစ်ကောင်စီတပ်တို့ကြား တိုက်ပွဲပြင်းထန်နေသည်။

- ဇူလိုင် ၃၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့ရှိ စစ်ကောင်စီ ခြေမြန်တပ်ရင်း ခမရ(၃၄၈) ကို TNLA က စီးနင်း တိုက်ခိုက်နေပြီး စစ်ကောင်စီဘက်က လေကြောင်းပစ်ကူဖြင့် ခုခံနေကာ တိုက်ပွဲပြင်းထန်နေသည်။ အလားတူ မိုးမိတ်မြို့နယ်၊ ဒိုးပင်ရွာတွင်လည်း တအာင်းတပ်မတော် TNLA နှင့် စစ်ကောင်စီတပ် စကခ (၂၁) ၊ ခလရ (၂၇၆) တို့ ကြား တိုက်ပွဲပြင်းထန်ခဲ့သည်။

- ဇူလိုင် ၂၂ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့အဝင် မုန်ဦးအနီးက စစ်ကောင်စီရဲ့ ခလရ (၄၁) တပ်ရင်းကို MNDAA က ဝင်ရောက်တိုက်ခိုက်ရာ စစ်ဦးစီးမှူး ဗိုလ်မှူးကြီး သန့်ဇင်ဝင်း သေဆုံးခဲ့သည်။ လားရှိုးမြို့အထွက် နေရာတွေမှာ တိုက်ပွဲတွေ ဆက်လက်ပြင်းထန်နေပြီး စစ်ကောင်စီမှ လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။

- ဇူလိုင် ၂၃ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးအကျဉ်းထောင်အနီးမှာ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MND AA)နဲ့ ပူးပေါင်းတပ်က စစ်ကောင်စီတပ်ကို ထိုးစစ်ဆင်တိုက်ခိုက်နေတာကြောင့် တိုက်ပွဲတွေ ပြင်းထန်ခဲ့ပါသည်။

- ဇူလိုင် ၂၄ ရက်၌ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ပေါ်ရှိ ရပ်ကွက် ၇၊ ရပ်ကွက် ၆ ၊ ရပ်ကွက် ၅၊ ရပ်ကွက် ၄ နှင့် ရပ်ကွက် ၁ တို့တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ပေါ်တွင် ဇူလိုင် ၂၆ ရက်၌ ကိုးကန့်တပ်မတော်(MNDAA) နှင့် စစ်ကောင်စီတပ်ဖွဲ့တို့ တိုက်ပွဲဆက်လက် ဖြစ်ပွားနေသည်။

- ရှမ်းပြည်နယ်၊ လားရှိုးမြို့ရှိ စစ်တပ်၏ ဟိုပိတ် တိုးဂိတ်၊ ၉၁၂ စစ်မြေပြင် အင်ဂျင်နီယာ တပ်ရင်းနှင့် ခလရ ၄၁ တပ်ရင်း တို့ကို MNDAA က ဇူလိုင် ၂၆ ရက်တွင် ဆက်လက် သိမ်းပိုက်ခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့အကျဉ်းထောင်အနီးတွင် ဇူလိုင် ၂၈ ရက်၌ MNDAA နှင့် စစ်ကောင်စီတို့ တိုက်ပွဲ ပြင်းထန်နေသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အနီးနဲ့ အမှတ် (၉) ရပ်ကွက် အတွင်းမှာ စစ်ကောင်စီတပ်နဲ့ ကိုးကန့်တပ်ဖွဲ့ (MNDAA) တို့ ဇူလိုင် ၃၀ ရက်မှာ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေပါသည်။

- ဇူလိုင် ၃၀ ရက်တွင် တန့်ယန်းမှ လားရှိုးမြို့သို့ စစ်ကူလာသည့် ကားရစ်စီးပါ စစ်ကောင်စီယာဉ်တန်းကို MNDAA ၊ BPLA နှင့် ပူးပေါင်းတပ်များက ကြားဖြတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဘက်မှ ၃၀ ကျော် သေဆုံးခဲ့သည်။

- ဇူလိုင် ၁၉ ရက်က တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်တွင် စစ်တပ်စစ်ကြောင်းကို ၂ ကြိမ် တိုက်ခိုက်ခဲ့ရာ စစ်တပ်ဘက်မှ ထိခိုက်သေဆုံးမှုရှိပြီး တော်လှန်ရေးတပ်ဖွဲ့ဝင် ၁ ဦး ကျဆုံးခဲ့သည်။

- တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်၊ ကံပေါက်-ကလိန်အောင်လမ်းပိုင်း တနေရာတွင် မောရတီရေတပ်မှ စစ်အရာရှိများ လိုက်ပါလာသော ပါရာဒိုကားကို ဇူလိုင် ၁၇ ရက်တွင် ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့မှ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရေတပ်အရာရှိ နှင့်တပ်ကြပ်အဆင့်ရှိသူ ၂ ဦးသေဆုံးခဲ့သည်။

- ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်နေအထိ တနင်္သာရီတိုင်း၊ ကျွန်းစုမြို့နယ်ထဲက ကျောက်ပုစွန်တောင်၊ ဝါရစ်နဲ့ ဂျိုးတောင်ကျေးရွာ အနီးတစ်ဝိုက်မှာ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တွေကြား နှစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ တပ်သား ၄၀ ထက်မနည်း သေဆုံးခဲ့သည်။

- ဇူလိုင် ၂၂ ရက်တွင် တနင်္သာရီတိုင်း၊ ရေဖြူမြို့ပေါ်မှာ စစ်သားများစီးနင်းလာတဲ့ကားအား PDF ပူးပေါင်းအဖွဲ့က ပြောက်ကျားနည်းနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူ လေးဦး သေဆုံးခဲ့သည်။

- ဇူလိုင် ၂၆ ရက်တွင် တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ရွာ တာဝါတိုင်ကုန်းမှ ဆင်းလာသည့် စစ်သား ၂ ဦး ကို ပစ်ခတ်တိုက်ခိုက်မှု ၂ ဦးလုံးသေဆုံးပြီး သေနတ် ၂ လက် သိမ်းဆည်း ရရှိခဲ့သည်။

- တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ လယ်သစ်ရွာအနီးတွင် ဇူလိုင် ၁၈ ရက်မှ ဇူလိုင် ၂၈ ရက်နေ့အထိ တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီတပ်သား ၃၀ ကျော်သေဆုံးခဲ့သည်။

**ဇူလိုင်လ ၂၂ ရက်နေ့မှ ၃၁ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**